
World Health Organization
Myanmar

# တီဘီ၊ အိပ်ချ်အိုင်ဗွီ နှစ်မျိုးယှဉ်တွဲရောဂါ

WHO Myanmar factsheet special, January 2019






# တီဘီ၊ အိပ်ချ်အိုင်ဗွီ နှစ်မျိုးယှဉ်တွဲရောဂါ


**တီဘီနှင့် အိပ်ချ်အိုင်ဗွီအေ့(စ်) ရောဂါများသည် ပြည်သူ့ကျန်းမာရေး အဓိကပြဿနာများ ဖြစ်ကြပါသည်။ ရောဂါနှစ်မျိုးမှာ ဆက်စပ်နေပြီး စောင့်ကြပ်ကာကွယ်နိုင်မည့် နည်းလမ်းများကို ဤစာစောင်တွင် ဖော်ပြသွားမည် ဖြစ်ပါသည်။**

- အိပ်ချ်အိုင်ဗွီ ပိုးရှိသူများတွင် တီဘီ သည် အဖြစ်များဆုံး ရောဂါဖြစ်ပြီး သေဆုံးမှုလည်း အများဆုံး ဖြစ်ပါသည်။
- ထိရောက်စွာ မကုသပါက အိပ်ချ်အိုင်ဗွီ ပိုး ရှိသူများအတွက် တီဘီ သည် အသက်အန္တရာယ်ပေးနိုင်သည့် ရောဂါဖြစ်ပြီး အိပ်ချ်အိုင်ဗွီနှင့် သေဆုံးသူ ၃ ယောက် လျှင် ၁ ယောက်မှာ တီဘီရောဂါကြောင့်ဖြစ်ပါသည်။
- ၂၀၁၇ စာရင်းများအရ ကမ္ဘာတစ်ဝှမ်း တီဘီရောဂါဖြင့် သေဆုံးသူ ၁.၆ သန်းရှိပြီး အိပ်ချ်အိုင်ဗွီဖြင့် သေဆုံးသူ ၁ သန်းခန့် ရှိပါသည်။ ၎င်းတို့အနက် ၃ သိန်းမှာ အိပ်ချ်အိုင်ဗွီပိုး ရှိသူများ ဖြစ်ကြပါသည်။
- အိပ်ချ်အိုင်ဗွီအေ့(စ်) ရောဂါဖြင့် အသက်ရှင် နေထိုင်သူများ တွင် ခန္ဓာကိုယ် ခုခံစွမ်းအားစနစ် လျော့နည်းမှုကြောင့် တီဘီရောဂါဖြစ်ပွားနှုန်းမှာ အိပ်ချ်အိုင်ဗွီ မရှိသူ များထက် အဆ ၂၀-၃၀ ပိုမို ဖြစ်ပွားနိုင်ပါသည်။
- ၎င်းတို့တွင် တီဘီရောဂါ ကုသအောင်မြင်မှု ရလဒ်မှာ အိပ်ချ်အိုင်ဗွီ မရှိသောသူများလောက် မကောင်းနိုင်ပါ။
- သို့ရာတွင် တီဘီကာကွယ်ဆေးကို သောက်သုံးပါက အိပ်ချ်အိုင်ဗွီ ရှိသူများတွင် တီဘီ ဖြစ်ပွားမှု သိသိသာသာ လျော့နည်းပါသည်။
- သို့သော် စောစီးစွာ ရောဂါရှာဖွေ ဖော်ထုတ်ပြီး ဆေးပတ် လည်အောင် စနစ်တကျ ကုသမှု ခံယူပါက ကျန်းမာအသက်ရှည်နိုင်ပါသည်။

**မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ်အတွင်း ခန့်မှန်း တီဘီ အိပ်ချ်အိုဗွီ လူနာ၊ မှတ်ပုံတင်ထားသော လူနာ၊ အိပ်ချ်အိုင်ဗွီ ကုသဆေးရရှိကြသော လူနာ[1]**




**၂၀၁၆ ခုနှစ်အတွက် မြန်မာနိုင်ငံရှိ တီဘီရောဂါ ကုသမှုရလဒ်[2]**
**အိပ်ချ်အိုင်ဗွီ ရောဂါပိုးရှိသူများအတွက် သေဆုံးနှုန်းနှင့် ပြန်လည်ပြသရန် ပျက်ကွက်မှုနှုန်း**




## တီဘီနှင့် အိပ်ချ်အိုင်ဗွီ ဆက်စပ်မှု

အိပ်ချ်အိုင်ဗွီပိုးသည် လူ၏ ကိုယ်ခံစွမ်းအားကို ဖျက်ဆီးသည့် အတွက် ခန္ဓာကိုယ်သည် အခြားရောဂါပိုးမွှားများကို တိုက်ခိုက် နိုင်စွမ်း မရှိတော့ပါ။ ထိုသို့ ရောဂါပြင်းထန်လာသည့် အခြေ အနေကို ခုခံအားကျဆင်းမှု ကူးစက်ရောဂါ လက္ခဏာစု (AIDS) ဟု ခေါ်ပါသည်။

တီဘီရောဂါသည် မိုင်ကိုဘက်တီးရီးယမ်း တျူဘာကူလိုစစ် ဟုခေါ်သော ဘက်တီးရီးယားပိုးကြောင့်ဖြစ်ပြီး အဆုတ်နှင့် အခြား ကိုယ်တွင်း အင်္ဂါများကိုလည်း တိုက်ခိုက်ပါသည်။

အိပ်ချ်အိုင်ဗွီပိုးရှိသူများမှာ ကိုယ်ခံစွမ်းအား နည်းနေသည့်အတွက် တီဘီ ရောဂါဖြစ်ပွားရန် ပိုမိုလွယ်ကူပါသည်။ ရောဂါ ၂ မျိုးလုံး သည် ထိရောက်စွာ မကုသပါက အသက်ဆုံးရှုံးသည်အထိ လူ့ခန္ဓာကိုယ်ကို ထိခိုက်စေနိုင်သည်။

## အိပ်ချ်အိုင်ဗွီရောဂါသည်များအတွင်း တီဘီရှိမှန်းဘယ်လိုသိနိုင်မလဲ?

တီဘီရောဂါရဲ့ အဓိကလက္ခဏာဖြစ်တဲ့ ချောင်းဆိုးခြင်းဟာ အိပ်ချ်အိုင်ဗွီ ရောဂါသည်မှာ တွေ့ရခဲပါတယ်။

အောက်ပါ အနီးစပ်ဆုံး ခန့်မှန်းနိုင်သော ရောဂါလက္ခဏာများ ရှိပါက ကျန်းမာရေးဝန်ထမ်းများနှင့် ပြသသင့်ပါသည်။


- နာတာရှည်ဖျားနာခြင်း
- ခန္ဓာကိုယ်အလေးချိန်လျော့ကျခြင်း
- ညဘက်ချွေးအလွန်အမင်းထွက်ခြင်း
- ကိုယ်လက် မအီမသာဖြစ်ခြင်း၊ အစားအသောက်ပျက်ခြင်း


**References:**
1. WHO Global Tuberculosis report 2018, Geneva.
2. National Tuberculosis Control Program, MoHS Myanmar, 2018

World Health Organization
Myanmar

**World Health Organization - Myanmar**
No 403 (A1), Shwe Taung Kyar Street, Yangon, Myanmar
Tel: (95-1) 534300/307, 538620 - 621, 538474 - 476
Fax: (95-1) 538233, 538435 Email: semmr@who.int
WHO Myanmar website: http://www.searo.who.int/myanmar

# အိပ်ချ်အိုင်ဗွီပိုးရှိတဲ့ ပုဂ္ဂိုလ်က တီဘီရောဂါကို ဘယ်လိုကာကွယ်နိုင်မလဲ (သို့) တီဘီရောဂါ ရှိပါက ဘယ်လို ဆောလျှင်စွာ ကုသမှု ခံယူနိုင်မလဲ?






❶ စာရင်းသွင်းကုသမှုခံယူပါ။

❷ ဆရာဝန် ရက်ချိန်းအတိုင်း မပျက်မကွက် ပြန်လည်ပြသပါ။

❸ အေအာတီ (အိပ်ချ်အိုင်ဗွီ ပိုးထိန်းဆေး) ကို ရက်မပျက် မှန်မှန် သောက်ပါ။





❹ ပြန်လည်ပြသရန် ချိန်းဆိုသည့်နေ့တွင် ဆရာဝန်မှ လူနာတွင် တီဘီရောဂါ ရှိမရှိ ရှာဖွေပါမည်။ တီဘီရောဂါ လက္ခဏာများ ရှိမရှိ စမ်းသပ်ပြီး ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ခြင်း တို့ကို လိုအပ်သလို လုပ်ဆောင်ပါမည်။

❺ လူနာတွင် တီဘီရောဂါ မရှိဟု သတ်မှတ်ပါက တီဘီရောဂါ အတွက် ကာကွယ်ဆေး သောက်ရ ပါမည်။





❻ တီဘီကို ရိုးရှင်းသောနည်းလမ်းများနှင့် ကာကွယ်နိုင်ပါသည်။ လေဝင်လေထွက် မကောင်းသော ပတ်ဝန်းကျင်တွင် မလိုအပ်ပဲ အချိန်ကြာရှည်စွာ မနေသင့်ပါ။

ချောင်းဆိုးနှာချေလျှင် လက်မောင်း၊ အဝတ်ဖြင့် အုပ်၍ ချောင်းဆိုး ရပါမည်။ ချောင်းဆိုးနေသူသည် အများပြည်သူ ရှိရာသို့ သွားလာလျှင် နှာခေါင်းစည်း ဝတ်ထားသင့်ပါသည်။

## တီဘီရောဂါကာကွယ်ရန်ကုထုံး

### အိပ်ချ်အိုင်ဗွီ ပိုးရှိသူများသည် တီဘီရောဂါမရှိသေးသော အချိန်၌ တီဘီကာကွယ်ဆေးကို ကြိုတင် သောက်သင့်ပါသည်။

မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပြုချက်များအရ အိုက်ဆိုနိုင်ယာဇစ် (Isoniazid) INH ဆေးပြားကို လူကြီးအတွက် ၃၀၀ မီလီဂရမ် (300 mg) ၁၀၀ မီလီဂရမ် ၃ ပြား၊ ကလေးများအတွက် ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုအတွက် ၁၀ မီလီဂရမ်နှင့်တွက်ပြီး ကလေး၏ အလေးချိန်အရ သောက်ရပါမည်။ လူကြီးရော ကလေးပါ ၆ လ တိတိ သောက်ရပါမည်။




အိုက်ဆိုနိုင်ယာဇစ် (Isoniazid) INH ဆေးမှာ ဘေးထွက်ဆိုးကျိုး အချို့ ရှိနိုင်ပါသည်။

ထို့အပြင် လူနာမှ ပုံမှန် ဆေးခန်းပြခြင်းဖြင့် ကာကွယ်ဆေး၏ ဘေးထွက်ဆိုးကျိုးများ ရှိခဲ့လျှင် လိုအပ်သော ကုသမှုကို ခံယူနိုင်ပါသည်။

အိပ်ချ်အိုင်ဗွီ ရောဂါရှိသူများမှာ အိပ်ချ်အိုင်ဗွီ ပိုးထိန်းဆေး (အေအာတီ) ဆောလျှင်စွာ သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်၏ ခုခံစွမ်းအားစနစ် တိုးတက်လာ၍ တီဘီဖြစ်နိုင်ချေ လျော့နည်းသွားမည် ဖြစ်သည်။ ထို့အပြင် တီဘီ ကာကွယ်ဆေး သောက်သုံးပါက တီဘီ ဖြစ်ပွားနှုန်းမှာ ပိုမို လျော့နည်းသွားနိုင်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။